# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အရေးပေါ်အစည်းအဝေး

# (၁/၂၀၁၆)

# မှတ်တမ်း

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေး(၁/၂၀၁၆)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) မှတ်တမ်း** | |
| ၁။ | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| ၂။ | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| ၃။ | ပြည်နယ်လွှတ်တော်အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၃ |
| ၄။ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၃ |
| ၅။ | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။ | ၈ |
| ၆။ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(ဥပဒေကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ | ၁၂ |

၇။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၂၂

- ဆုံးဖြတ်ခြင်း ၂၃
- မှတ်တမ်းတင်ခြင်း ၂၄
- ဥပဒေထုတ်ပြန်ခြင်း ၂၅

# ရှမ်းပြည်နယ်

# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

# အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) မှတ်တမ်း

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လ ၂၉ ရက်

[ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကျော်သူဇော်၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးထက်မာန်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်းဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)အားကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်ကိုယ်စားလှယ်တော်များ





## ပြည်နယ်လွှတ်တော်အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ အပိုဒ် (ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ အပိုဒ်(က)အရ ခွင့်ပန်ကြားလိုသည့် ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်ဝင်း၊ ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)သို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်

များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း၊ မေတ္တာ ပို့သရင်း ရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဦးညွန့်ဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)သို့ အကြောင်း အမျိုးမျိုးနှင့် တက်ရောက် နိုင်ခြင်းမရှိသည့် အောက်ဖော်ပြပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၂၇ )ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိ ရတဲ့အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြ လာမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြ တောင်းခံအပ်ပါတယ်-

(၁) ဦးဝေရှောက်ရင်၊ ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၂) ဦးပယ်စောက်ချိန်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၃) ဦးမြင်ရှော်ချန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။

(၄) ဒေါ်နန်းငွေငွေ၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့် (၁)ရက်။



D/real(wide) (2



သတ်မှတ်ထားသော နေရာများတွင် နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။

[ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ**။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)မှာလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေ(၁၃၉)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေး ကို (၁၁၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၀. ၅၈) ရာခိုင်နှုန်းရှိပြီးတက်ရောက်သည့် ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊အပိုဒ်ခွဲ (ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅ ၊ အပိုဒ်(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

(၅) ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၆) ဦးဇော်ဇော်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ သဖြင့် ခွင့် (၁)ရက်။

(၇) ဦးစောမူးလာ ၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၈) ဦးစိုင်းလုံ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၉) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၁၀) ဦးယောဘ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၁၁) ဦးစိုင်းဆမ်၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၁၂) ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။





(၂၄) ဗိုလ်မှူးစောစိန်ကျော်၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၅) ဗိုလ်မှူးလှထွန်းအောင် ၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့်(၁)ရက်။

(၂၆) ဗိုလ်ကြီးမြင့်ထွန်းနိုင် တပ်မတော်သား ကိုယ်စားလှယ်၊အရေးကြီးကိစ္စဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့် (၁)ရက်။

(၂၇) ဗိုလ်ကြီးဖြိုးမိုးအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၁)ရက်။

ဒီကနေ့ ခွင့်လျှောက်ထားသူအားလုံး(၂၇)ဦးရှိပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၆)သို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၃၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။

ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ အပိုဒ်(ဂ)၊ အပိုဒ်ခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)သို့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကအတည်ပြုရန် သဘောတူပါသည်။)**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်**
**အစည်းအဝေး (၁/၂၀၁၆)တွင်**
**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည့်**
**နှုတ်ခွန်းဆက်စကား**

**ဥက္ကဋ္ဌ။** အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)သို့ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပြီး ယခုအစည်းအဝေးကို တက်ရောက်လာကြတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် နှုတ်ခွန်းဆက်သပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းဟာ





(၁၃) ဒေါ်နန်းအက်စ်ကီးမိုး၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၁၄) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် (၁)ရက်။

(၁၅) ဒေါ်နန်းခမ်းပိုင်း၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၁၆) ဦးခွန်ထွန်းလူ(ခ)ထွန်းလူ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၁၇) ဦးပီတာသောင်းစိန်၊ အာခါတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၁၈) ဦးဒူဝါးဇုတ်ဒေါင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁)ရက်။

(၁၉) ဗိုလ်မှူးရဲလွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၁) ရက်

(၂၀) ဗိုလ်မှူးအောင်သူခိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၁) ရက်

(၂၁) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၂) ဗိုလ်မှူးဇော်လွင်ဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စ ဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၁) ရက်။

(၂၃) ဗိုလ်မှူးသန်းထွန်းဦး၊ တပ်မတော်သား ကိုယ်စားလှယ်၊ အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ခွင့် (၁)ရက်။

မနက်ဖြန် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ၅ နှစ်ပြည့်မြောက်တော့မှာ ဖြစ်တဲ့အတွက် ယခုခေါ်ယူတဲ့အစည်းအဝေးသည် နောက်ဆုံး အစည်းအဝေးဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းအပြီး အတည်ပြု ပေးရန် လိုအပ်တဲ့အတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အရေးပေါ် အစည်းအဝေးကိုခေါ်ယူပေးရန် ညှိနှိုင်းချက်အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၇၈ နှင့် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်များနှင့် အညီ အရေးပေါ်အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်းပြောကြား လိုပါတယ်။ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းမှာ ယခုအစည်းအဝေးအပါအဝင် အစည်းအဝေး စုစုပေါင်းအကြိမ် ၂၀ ပြုလုပ်ကျင်းပရာမှာ ပုံမှန်အစည်းအဝေး ၁၃ ကြိမ်၊ အထူး အစည်းအဝေး ၄ ကြိမ်နှင့်အရေးပေါ်အစည်းအဝေး ၃ကြိမ် တို့ဖြစ်ပါတယ်။

သက်တမ်း ၅ နှစ်အတွင်း ယခုအတည်ပြုမည့် ဥပဒေ အပါအဝင် ဒေသန္တရစီမံကိန်းဥပဒေ ၆ ခု၊ ဘဏ္ဍာရေးနှင့် စပ်လျဉ်းသည့် ဥပဒေ ၁၀ ခုနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေ ၁၂ ခု၊ စုစုပေါင်း ၂၈ ခု ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း စုစုပေါင်း ၄၄၀ ရှိပြီး အဆိုမှာ ၃၆ ခုဖြစ်ကြောင်း ယခင် အစည်းအဝေးက တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်သည် ဥပဒေပြုရေး မဏ္ဍိုင်အတွက် ခိုင်မာစွာရပ်တည်ပြီး ပြည်သူများ၏ အကျိုးစီးပွား





ထိန်းညှိခြင်းကဏ္ဍကို ဟန်ချက်ညီညီ အချိတ်အဆက်မိမိ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော် ဖွဲ့စည်းမှု အနေနဲ့ ပထမအကြိမ်မှာ နိုင်ငံရေးပါတီ ၉ ခုမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်နှင့် တပ်မတော်သား ကိုယ်စားလှယ်၊ စုစုပေါင်း (၁၄၃)ဦးဖြစ်ပြီး၊ ဒုတိယအကြိမ်မှာ နိုင်ငံရေးပါတီ (၁၂)ခု၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်နဲ့ တပ်မတော်သားကိုယ်စားလှယ် စုစုပေါင်း(၁၃၇)ဦးဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ပထမသက်တမ်းမှာ ဒီမိုကရေစီကျင့်စဉ် များကို အစပျိုးဆောင်ရွက်နိုင်ခဲ့သူများဖြစ်ပြီး၊ ဒုတိယအကြိမ် သက်တမ်းမှာတာဝန်ယူကြမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအသစ်က ပိုမိုစနစ်တကျဆောင်ရွက်နိုင်မယ်လို့ မျှော်လင့် ယုံကြည်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးကိုလာမည့် ဖေဖော်ဝါရီလ ၈ ရက်နေ့မှာခေါ်ယူ ကျင်းပဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၂ ပုဒ်မခွဲ (ခ) နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားထားပြီးဖြစ်သလို၊ ပုံမှန် အစည်းအဝေးရဲ့ ပထမနေ့မှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးနှင့် ရုံးဝန်ထမ်းများက တာဝန်ယူပြီး သဘာပတိ ရွေးချယ်ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌရွေးချယ်ခြင်း တို့ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ရက်တွေမှာတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ အစီအမံနဲ့ အစည်းအဝေးများကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း သိရှိရပါတယ်။

နိဂုံးချုပ်အားဖြင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကျန်ရှိနေသေးတဲ့ လုပ်ငန်းများကိုရတဲ့အချိန်လေးမှာ ပြီးပြတ်အောင် ဆောင်ရွက်ကြရမှာဖြစ်သလို၊ ဆောင်ရွက်ရမည့် သမိုင်းပေးတာဝန်

များကို လွှတ်တော်အတွင်း သို့မဟုတ် လွှတ်တော်ပြင်ပမှာ ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေ။ ၅ နှစ်တာကာလ အတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ညှိနှိုင်းဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ထာဝရမှတ်တမ်းတင်ထားပါကြောင်း နဲ့ ယခုကျင်းပတဲ့ အရေးပေါ် အစည်းအဝေး (၁/၂၀၁၆) အောင်အောင်မြင်မြင် ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(ဥပဒေကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ (ဥပဒေကြမ်း)တို့အား လွှတ်တော်သို့ တင်သွင်းပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည့်တော်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော တာဝန်ရှိပုဂ္ဂိုလ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။



D/real(wide) (9



ကာကွယ်ဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်၏ အရည်အသွေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တနည်းပြောရရင် ကျွန်တော်တို့ ဆောင်ရွက်ချက်များသည် ရှမ်းပြည်နယ်လွှတ်တော်၏ သမိုင်းမှတ်တိုင်မှာ မှတ်တမ်းတစ်ခုအဖြစ် အစပျိုးနိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဆောင်ရွက်ချက်တိုင်းအတွက် အမြဲတမ်း အကဲဖြတ်မှုရှိသလို အမြဲတမ်းနှိုင်းယှဉ်မှုလည်းရှိတဲ့အတွက် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့တို့ရဲ့ သက်တမ်းအတွင်း ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အကဲဖြတ်အမှတ်ပေးခြင်းကို မလွဲမသွေခံယူရမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးတာဝန်ရှိသည့် လွှတ်တော်နှင့် အုပ်ချုပ်ရေး တာဝန်ရှိတဲ့ အစိုးရတို့ အပြန်အလှန်ထိန်းညှိရာမှာ ဟန်ချက်ညီဖို့ လိုပါတယ်။ အစိုးရကကြီးပဲ အာဏာကိုင်လို့ရှိရင် ပဒေသရာဇ်စနစ် ဖြစ်ပြီး လွှတ်တော်က စိုးမိုးတယ်ဆိုရင်လည်းဘဲ လွှတ်တော်က အာဏာရှင်စနစ်ဖြစ်သွားတတ်ကြောင်း မိမိအနေနဲ့ လေ့လာမှတ်သားမိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကို (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနဲ့ အထူးအစည်းအဝေး (၁/၂၀၁၆)မှာပြည့်စုံစွာရှင်းလင်းပြောကြားခဲ့ပြီးဖြစ်တဲ့အတွက် ယခုအစည်းအဝေးမှာ သီးခြားမတင်ပြတော့ပါဘူး။ လွှတ်တော်ရေးရာကော်မတီများ အပါအဝင် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ သက်တမ်းဟာဒီလ ၃၀ ရက်နေ့အထိဖြစ်ပြီး၊ အစိုးရအဖွဲ့ရဲ့ သက်တမ်းက မတ်လ ၃၀ ရက်အထိဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့ထိကာလမှာ လွှတ်တော်အသစ်က ကိုယ်စားလှယ်များနှင့် လက်ရှိရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ယှဉ်တွဲတာဝန်ယူရမှာဖြစ်တဲ့အတွက် အပြန်အလှန်

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၆ -၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ (ဥပဒေကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို ၄-၁၂-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာလွှတ်တော်မှ အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ( ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။)ဖြင့် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ယင်းဥပဒေကို အခြေပြုထားသည့် ၂၀၁၆ ခု၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ (ဥပဒေကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄-၁/၂၀၁၆) မှာ အတည်ပြုပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

ယခုကျွန်တော် တင်ပြမည့်ဥပဒေသည် မူလရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြီးသည့် စာရင်းဇယားများဖြစ်သည့်အတွက် ကျွန်တော့်အနေနဲ့ပိုမို၍အမှတ်ရစေရန်အတွက်ထပ်မံပြီး ရှင်းပြခွင့်ပြုပါရန်မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများအား ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှစတင်၍ရေးဆွဲအကောင်အထည်ဖော်ခဲ့သည့်နေရာမှာ



D/real(wide) (7



ဖော်ပြပါအတိုင်း အခွန်ကို လာမည့် ၂၀၁၆ -၂၀၁၇ ခုနှစ်မှ စတင်ရရှိမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆ -၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဖြစ်ပါတယ်။ ရငွေအနေဖြင့် သာမန်ရငွေကျပ်သန်းပေါင်း ၃၃၂၉၃. ၁၀၄ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း ၉၅၀၈၉. ၂၃၄ သန်း ဖြစ်သည့်အတွက် သာမန်အသုံးစရိတ်မှာ လိုငွေကျပ်သန်းပေါင်း ၆၁၇၉၆. ၁၃၀ သန်း ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ငွေလုံးငွေရင်းအနေဖြင့် ရငွေမှာ ၀. ၀၅၇ သန်း၊ အသုံးစရိတ်ကျပ်သန်းပေါင်း ၁၅၄၆၁၁. ၉၂၇ သန်း ဖြစ်သည့်အတွက် ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် လိုငွေမှာ ကျပ်သန်းပေါင်း ၁၅၄၆၁၁. ၈၇၀ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ၂၀၁၆ -၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လိုငွေကျပ်သန်းပေါင်း ၂၁၆၄၀၈. ၀၀၀ သန်း၊ တစ်နည်းအားဖြင့် ၂၁၆. ၄၀၈ ဘီလီယံဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆ -၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း ရငွေအတွက် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ အစိုးရအဖွဲ့ အနေနဲ့ ရငွေ ကျပ်သန်းပေါင်း ၁၇၃၄၅. ၆၅၇ သန်းဖြစ်ပြီး ရရှိရသည့် အကြောင်းအရာမှာ ရေအားလျှပ်စစ်၊ ပြတိုက်ဝင်ကြေး၊ နယ်စပ် ဖြတ်သန်းခ ၃%၊ CBD (မူဆယ်)မှ ရငွေ ၂၃% ပေးသွင်းခြင်း၊ ပရီမီယံကြေး၊ အင်းလေးဇုန်ဝင်ခွင့်မှ ကောက်ခံရရှိသည့်ငွေ၊ ရုပ်ရှင်လုပ်ငန်းရငွေ၊ ဝန်ဆောင်ခရငွေ၊ ချယ်ရီမြိုင်တည်ဆောက်ရေး စီမံကိန်း(လာရှိုးဒေသ)မှ ၂၃% ပေးသွင်းခြင်း၊ ကုန်သွယ်လုပ်ငန်း ခွန်ကောက်ခံရရှိငွေ၏ ၁၅% အခွန်ဝေစု၊ ရေအရင်းအမြစ်ဦးစီးဌာနမှ ရငွေ၊ သတင်းစာဟောင်းရောင်းရငွေ၊ ထောက်ပံ့ငွေမှရငွေနှင့် အခွန်ရငွေများရရှိခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏

ရငွေ ၇၆၄. ၃၀၂ သန်းဖြစ်ပြီး စုစုပေါင်းရငွေကျပ်သန်းပေါင်း ၃၃၂၉၃. ၁၆၁ သန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ အခွန်အကောက်ရငွေစာရင်းဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့မှ ရေခွန်နှင့်တာတမံခွန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ယစ်မျိုးခွန်၊ မြေယာပေါ်တွင် ကောက်ခံသည့်အခွန်နှင့် ဓာတ်သတ္တုပစ္စည်းခွန်၊ ငါးလုပ်ငန်းဦးစီးဌာနမှ အင်းအိုင်ခွန် ၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အပေါ်ကောက်ခံသည့် အခွန်ငွေ၊ စည်ပင်သာယာရေးအနေဖြင့် ပစ္စည်းခွန်၊ ဘီးခွန်၊ အခွန်ဝေစုတို့မှရရှိမှာဖြစ်ပြီး ကျပ်သန်းပေါင်း ၃၁၄၃. ၁၈၇ သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ကို ငွေစာရင်းခေါင်းစဉ်အလိုက်ဖော်ပြထားခြင်းဖြစ်ပါတယ်။ သာမန်အသုံးစရိတ်မှာ လစာစရိတ်၊ ခရီးစရိတ်၊ ပစ္စည်းလုပ်အားစရိတ်၊ ဓာတ်ဆီ၊ စက်ဆီစရိတ်၊ ပြင်/ထိန်းစရိတ်၊ လွှဲပြောင်းပေးသည့်ငွေကြေး၊ ဧည့်ခံစရိတ်နှင့် အခြားထောက်ပံ့ငွေနှင့် ပင်စင် ၊ စီမံသုတေတနလုပ်ငန်းလည်းပါဝင်မှာဖြစ်ပါတယ်။ အခြားဆိုသည်မှာ ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သာမန်အသုံးစရိတ်မှာ ဆည်မြောင်းနှင့် ရေအရင်းအမြစ်မှ ကျပ်သန်းပေါင်း ၉၈၀၆. ၇၅၉ သန်းသုံးစွဲပေးထားပါကြောင်း တင်ပြအပ်ပါတယ်။ ထိုနည်းတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျပ်သန်းပေါင်း ၁၀၀၅၀. ၅၅၀ သန်း သုံးစွဲပေးထားပါကြောင်းတင်ပြအပ်ပါတယ်။ သာမန်အသုံးစရိတ်မှာ စုစုပေါင်းကျပ်သန်းပေါင်း ၉၅၀၈၉. ၂၃၄ သန်းဖြစ်မှာဖြစ်ပါတယ်။ ရာခိုင်နှုန်းအနေဖြင့် လစာစရိတ်အတွက် စုစုပေါင်း သာမန်





၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးရန် ထောက်ပံ့ပေးမည့် ပမာဏကို တိုင်းဒေသကြီး၊ ပြည်နယ်များ၏ စုစုပေါင်းလူဦးရေ၊ ဆင်းရဲမှုညွှန်ကိန်း၊ မြေဧရိယာအကျယ်အဝန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေမှာ မြို့ပြလူဦးရေအချိုး၊ တစ်ဦးကျအခွန်ကောက်ခံမှု၊ လူတစ်ဦးစီ၏ ပျမ်းမျှ အသားတင် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးစသည့် ညွှန်ကိန်း ၆ ခုဖြင့် ချိန်ထိုး၍တွက်ချက်ခဲ့ပြီး နိုင်ငံတော်၏ လိုငွေနှင့် ဂျီဒီပီအချိုးကို ၅% ထက်မကျော်လွန်စေရန် သတ်မှတ်ရေးဆွဲခဲ့သည့်အပြင် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေကို ဥပဒေနှင့်အညီ ယခင်နှစ် လျာထားချက်အတိုင်း ထည့်သွင်းလျာထားကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးသည့် ပမာဏမှာ ရှမ်းပြည်နယ်၏ဘတ်ဂျက်လိုငွေအတွက် ဖြည့်ဆည်းပေးသည့်ငွေမှာ ကျပ်သန်းပေါင်း ၂၁၆၄၀၈ သန်း၊ တစ်နည်းအားဖြင့် ၂၁၆. ၄၀၈ ဘီလီယံ၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအနေနဲ့ ကျပ်သန်းပေါင်း ၅၅၀၀ တစ်နည်းအားဖြင့် ၅. ၅၀၀ ဘီလီယံ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ပြည်ထောင်စုမှတိုင်းဒေသကြီး/ပြည်နယ်များသို့ ခွဲဝေပေးသည့် သွင်းကုန်တင်သွင်းမှုအပေါ် ကောက်ခံရရှိငွေမှအပ ဖြစ်သည့် ကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရရှိငွေ၏ ၁၅% အခွန်ဝေစု အရ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်မှ ခွဲဝေရရှိသည့်ငွေရပ်ကျပ်သန်းပေါင်း ၁၄၀၀. ၂၉၀သန်းအားရှမ်းပြည်နယ် အစိုးရအဖွဲ့၏ သာမန်ရငွေတွင် ထည့်သွင်းလျာထားကြောင်း တင်ပြအပ်ပါတယ်။

အသုံးစရိတ်၏ ၃၂. ၇၄% ၊ အခြားအုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်သည် စုစုပေါင်း သာမန်အသုံးစရိတ်၏ ၁၂. ၁၂% ၊ ထောက်ပံ့ငွေအသုံးစရိတ်သည် စုစုပေါင်းသာမန်အသုံးစရိတ်၏ ၆. ၀၈% ၊ ဒေသဖွံ့ဖြိုးရေး အသုံးစရိတ်သည် သာမန်အသုံးစရိတ် စုစုပေါင်း၏ ၄၉. ၀၆% အထိသုံးစွဲထားပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

၂၀၁၆ -၂၀၁၇ ခု၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ပစ္စည်း၊ ပရိဘောဂ၊ ယာဉ် ၊ ဒေသဖွံ့ဖြိုးရေးနှင့် အခြားအတွက် သုံးစွဲထားခြင်းဖြစ်ပါတယ်။ ငွေလုံးငွေရင်းမှာဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ကျပ်သန်းပေါင်း ၃၁၃၈၁. ၃၂၇ သန်း ၊ ပတလခေါ်သည့် လုပ်ငန်းမှာ ကျပ်သန်းပေါင်း ၂၀၀၀၀. ၀၀၀ သန်း၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်မှာ ငွေလုံးငွေရင်းအနေဖြင့် ကျပ်သန်းပေါင်း ၁၀၉၅၁. ၃၅၀ သန်း၊ မီးသတ်အနေဖြင့် ကျပ်သန်းပေါင်း ၂၇၃၉. ၉၈၁ သန်း၊ စိုက်ပျိုးရေးအနေဖြင့် ၁၀၀. ၀၀၀ သန်း ၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် လာမည့် ၂၀၁၆ -၂၀၁၇မှာ စုစုပေါင်း ကျပ်သန်းပေါင်း ၁၆၀၈၀. ၀၀၀ သန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအတွက် ၁၂၅၅ သန်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၄၆၉၈. ၂၄၀ သန်း၊ လမ်းဦးစီး အနေဖြင့် ကျပ်သန်းပေါင်း ၅၆၆၀၆. ၉၄၁ သန်း၊ စည်ပင်သာယာရေးအနေဖြင့် မိမိတို့ရရှိသည့် ငွေဖြင့်ကျပ်သန်းပေါင်း ၇၈၁၃. ၃၆၇ သန်းသုံးစွဲသွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း ၁၅၄၆၁၁. ၉၂၇ သန်းသုံးစွဲသွားမှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ရာခိုင်နှုန်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများသည် စုစုပေါင်း ငွေလုံးငွေရင်းအသုံးစရိတ်၏ ၂၀. ၂၂% ၊ စက်ကိရိယာ၊ ပရိဘောဂ၊





အရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၀၊ ၁၁၊ ၁၂ တို့ဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကို သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စု ဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါကိစ္စရပ်များ အတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်” ဟုထည့်သွင်းဖော်ပြထားပါတယ်။ လာမည့်ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည့်အကြောင်းတင်ပြအပ်ပါတယ်။

အပိုင်း(၂) အခန်း(၃)မှာ ပြည်ပအကူအညီရယူခြင်းမှာ “ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ၁၅ တို့ဖြင့် ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်းနှင့်သုံးစွဲခြင်းတို့အား ဆောင်ရွက် သည့်နေရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်ဟု”ထည့်သွင်းဖော်ပြထားကြောင်း တင်ပြအပ်ပါတယ်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၃၆ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စု၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို အခြေပြုလျက် နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ (ဥပဒေကြမ်း)ကို ပြဋ္ဌာန်းပေးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ ပြည်နယ်အစိုးရအဖွဲ့ ကသာ တင်သွင်းခွင့်ရှိသည့် ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၉၃ (က)(ခ)အရ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (ဥပဒေကြမ်း)ကို ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ် အစည်းအဝေး (၁/၂၀၁၆)မှာ ၂၀၁၆ ခု၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးဖို့ ရှိပါတယ်။

၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို ၄-၁၂-၂၀၁၅ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ အတည်ပြုချက်ရယူပြီး ဖြစ်သလို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာလည်း ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁။)ဖြင့် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါတယ်။ ၎င်းဥပဒေကိုအခြေပြုထားသည့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄-၁/၂၀၁၆) မှာ အတည်ပြုပြီး ယခုကျင်းပသည့် ရှမ်းပြည်နယ်လွှတ်တော်ကို





ယာဉ်နှင့် အခြားလုပ်ငန်းများအတွက် စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်၏ ၁. ၆၉%၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စုစုပေါင်းငွေလုံးငွေရင်းအသုံးစရိတ်၏ ၇၈. ၀၉%ထိ သုံးစွဲထားပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ပြီးခဲ့သည့် (၁၃) ကြိမ်မြောက် ပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးပြီးဖြစ်သည့် ကိန်းဂဏန်းများဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

၂၀၁၆ -၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ (ဥပဒေကြမ်း)ကို တင်ပြသွားမှာဖြစ်ပါ တယ်။ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ (ဥပဒေကြမ်း)ကို ၂၀၁၆ -၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဘဏ္ဍာငွေအရ အသုံးစာရင်းများအပေါ် အခြေပြုလျက် အပိုင်း(၁) “ အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်”၊အပိုင်း(၂) “ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ် ဥပဒေချုပ်ရုံး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ပြည်နယ်အဆင့်ဦးစီး ဌာနများ၏ အခန်း(၁) ရငွေများနှင့်သုံးငွေများ၊ အခန်း(၂) ငွေချေးယူခြင်း၊ အခန်း(၃) ပြည်ပအကူအညီရယူခြင်း ”၊ အပိုင်း(၃) “ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့်သုံးငွေများ ”၊အပိုင်း(၄)“ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့်သုံးငွေများ” နှင့် အပိုင်း(၅) “သီးသန့်ရန်ပုံငွေ” ဟူ၍ ဥပဒေအားပိုင်းခြားရေးဆွဲထားပါတယ်။ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ(ဥပဒေကြမ်း)အား ဖြန့်ဝေထား ပေးပြီးဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ အပိုင်း(၂)ကို ဆွေးနွေးပေးသွားမှာ ဖြစ်ပါတယ်။ အပိုင်း(၂) အခန်း(၂)မှာ ငွေချေးယူခြင်းမှာ “ ပြည်နယ် အစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ

တင်သွင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် ယနေ့ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)မှာ ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးမှ အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** အားလုံးမင်္ဂလာပါခင်ဗျား။ ၂၀၁၆ -၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၆)ခုနှစ်မှာ တင်သွင်းပြီးဖြစ်သည့်အတွက် ၂၀၁၆ -၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ဥပဒေအဖြစ် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရ



D/real(wide) (1



**ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)**

**ဆုံးဖြတ်ခြင်း**

**ဆုံးဖြတ်ခြင်းအမှတ် ၈၀-၁/၂၀၁၆။** **“၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ (ဥပဒေကြမ်း) အား လွှတ်တော်မှအတည်ပြုကြောင်းဆုံးဖြတ်ခြင်း**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း(၅) ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) ၌ **“၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း ”**အားလွှတ်တော်မှအတည်ပြုကြောင်း ဆုံးဖြတ်သည်။

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၁၁၀-၁/၂၀၁၆။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၁၂ ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၇)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၁၁၁-၁/၂၀၁၆။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်းအား မှတ်တမ်းတင်ခြင်း**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် (၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)၌ **"ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း"** အားမှတ်တမ်းတင်သည်။





အသုံးဆိုင်ရာဥပဒေကြမ်းတို့အား အတည်ပြုပေးရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က အတည်ပြုပါသည်။)**

သဘောတူတဲ့အတွက် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့အား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆) ပြီးမြောက်ကြောင်းကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)၊ အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၁၆) အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

# ၂၅

## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၁-၁/၂၀၁၆။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၂၉ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၆) ဒုတိယနေ့၌ **“၂၀၁၆-၂၀၁၇ခု ၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း”** အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ် လွှတ်တော်၏ ဥပဒေအမှတ် (၃/၂၀၁၆)အဖြစ် ထုတ်ပြန်သည်။

D/real(wide) (1

D/real(wide) (1